# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၃၇၅.၇၅၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀-၅-၂၀၁၇ ရက်နေ့တွင် မန္တလေး မှ မူဆယ် သို့ သွားရောက်မည့် Toyota Estima ယာဉ်အားရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီး စစ်ဆေးခဲ့ရာ မော်တော်ယာဉ်ထိုင်ခုံအောက်၌ အံဝှက်ပြုလုပ်၍သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်း ဟုယူဆရသော ကျောက်တုံး အရွယ်အစားမျိုးစုံ (၄၇) တုံး (630) kg နှင့် သယ်ဆောင်သည့်ယာဉ်(၁)စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၃၄) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။